

Source: Seed Fair 2022

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

“တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက် ဖြန့်ဝေရန်
စိတ်ချအားထား ဈေးနှုန်းများ
တောင်သူများအား ဖြန့်ဝေသွား”

15th March, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

- ➢ နှံစားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက် အလက်များ

## စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အနည်းငယ် မြင့်တက်လျက်ရှိခြင်း
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ မြင့်တက်လာခြင်း
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစသည့် ပို့ကုန်ပဲဈေးနှုန်းများ မြင့်တက်လာခြင်း
- ❖ ချက်ကြိုတစ်တန်ဈေးနှုန်း
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း ဆက်လက်မြင့်တက်လျက်ရှိခြင်း
- ❖ ကြက်သွန်ဖြူဈေးနှုန်းငြိမ်နေသော်လည်း ကြက်သွန်နီ ဈေးနှုန်း မြင့်တက်လာခြင်း
- ❖ ငရုတ်အစိုနှင့် အခြောက်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိခြင်း
- ❖ ခရမ်းချဉ်ဈေးနှုန်း သိသာစွာကျဆင်းသွားခြင်း
- ❖ မွေးမြူရေးဆိုင်ရာ အသားနှင့်ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ♣ သီရိလင်္ကာနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့မှုတွင် ဈေးနှုန်း မြင့်မားစွာ ရရှိနေခြင်း
- ♣ ပြည်တွင်းစားသုံးမှု မြင့်မားလာခြင်းကြောင့် မြန်မာ့ ကုလားပဲ ဈေးနှုန်းများ မြင့်တက်လာခြင်း
- ♣ မြန်မာ့ရော်ဘာဈေးနှုန်း တစ်ပေါင်လျှင်ငွေကျပ်(၁၂၀၀) အထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်း
- ♣ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒအပြောင်းအလဲသည် မြန်မာ့ပဲတီစိမ်းဈေးကွက်အပေါ် သက်ရောက်မှု မရှိခြင်း
- ♣ အိန္ဒိယနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့၏ကုန်သွယ်မှုသဘောတူညီချက်သည် မြေပဲ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များနှင့် အခြားသော ပစ္စည်းများ တင်ပို့မှုကို မြင့်တင်ပေးနိုင်ခြင်း
- ♣ ယူကရိန်းမှ နေကြာဆီပြတ်လပ်မှုကြောင့် အိန္ဒိယဝယ်လက်များသည် မလေးရှားနိုင်ငံမှ စားအုန်းဆီ မှာယူမှုများ တစ်ဟုန်ထိုး မြင့်တက်လာခြင်း
- ♣ ယူကရိန်းနိုင်ငံမှ ပြောင်းများကို တင်သွင်းဝယ်ယူနေသူများသည် EU ဘက်သို့ ပြောင်းလဲဝယ်ယူလာကြခြင်း
- ♣ ရုရှား-ယူကရိန်း ဆက်ဆံရေးတင်းမာမှုသည် အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ ချည်ခင်ဈေးကွက်အပေါ် သက်ရောက်မှု ရှိခြင်း

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနံ့







## ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- မတ်လပထမ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါး ဈေးနှုန်းမှာ ပဲခူးဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်တင်းဈေးနှုန်းအနေဖြင့် (၁၂၃၅၀) ကျပ်ရှိနေပါသည်။ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဈေးကွက်အတွင်း ဈေးနှုန်းပြောင်းလဲမှုအနေဖြင့် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၁၀၀၀ကျပ်(၄%မှ ၉%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်သာ မြင့်တက်မှုရှိသည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ နေပြည်တော်၌ တစ်တင်းလျှင် (၉၂၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးတွေ့ရှိရပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း တစ်တင်းလျှင် ၅၀၀ကျပ်မှ ၁၀၀၀ကျပ်(၃%မှ ၁၆%) ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုနည်းသွားသော်လည်း ပြည်တွင်းဝယ်ယူစားသုံးမှုများနေခြင်း၊ ဆန်စက်ပိုင်ရှင်များနှင့် တောင်သူကြီးများမှ ဝယ်ယူသိုလှောင်မှုများရှိခြင်း၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်လာမှုကြောင့် သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် စပါးဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လာနေခြင်း ဖြစ်ပါကြောင်း သိရှိရပါသည်။

## အစေ့ထုတ်ပြောင်း




▪ မတ်လပထမ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်း ဈေးနှုန်းမှာ ယခင်ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၅၀၀၀ကျပ် (၄%မှ ၄၁%)ခန့်အတွင်း ဈေးနှုန်းမြင့် တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဈေးနှုန်းအခြေအနေမှာ ယခုကာလအတွင်း ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်သုညရာခိုင်နှုန်းဖြင့် တင်ပို့မှုရှိနေသည့်အပြင် တရုတ်နိုင်ငံသို့လည်း တရားဝင်တင်ပို့နိုင်ရေးအတွက် ကုမ္ပဏီများ ခေါ်ယူနေပြီဖြစ်ခြင်းတို့ကြောင့် ပြောင်းဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်းသိရှိရပါသည်။ မတ်လပထမ(၁၅)ရက်အတွင်း ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၁၇၀၀၀)ကျပ်ရှိနေ ပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း ကချင်နှင့် ရခိုင်ပြည်နယ်တို့၌ တစ်တင်းလျှင် (၂၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ဖေဖော်ဝါရီလဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်တွင် တစ်တင်းလျှင် ၃၀၀၀ကျပ် (၂၀%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းခဲ့သည်မှလွဲ၍ ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၅၃၀၀ ကျပ် (၃% မှ ၂၃%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်းမှာ စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် (၇၁၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၁၄၀၀၀ကျပ် (၅%မှ ၃၈%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၃%မှ ၃၄% ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များ၌ အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း မြေပဲ၊ နှမ်းဈေးနှုန်းအခြေအနေမှာ ပြည်တွင်းစားအုန်းဆီဈေးနှုန်း မြင့်တက်လာသည်နှင့်အမျှ မြေပဲဈေးနှုန်းမှာ ပြည်တွင်းဆီစက်ပိုင်ရှင်များအဝယ်လိုက်နေခြင်းကြောင့် ဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ပြီး နှမ်းနက်ဈေးနှုန်းမှာလည်း တောင်သူလက်ဝယ်တွင် လက်ကျန်နည်းပါးကာဈေးကွက်အတွင်း အဝင်မရှိသလောက်ဖြစ်နေခြင်းကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- နေကြာဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း မွန်ပြည်နယ်၌ တစ်တင်းလျှင်(၃၃၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၃၀၀၀ ကျပ်မှ ၉၀၀၀ကျပ်(၂၀%မှ ၅၄%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




| ဈေးကွက် အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဖေဖော်ဝါရီ ဒုတိယ(၁၅)ရက် | မတ်လ ပထမ(၁၅)ရက် | ခြားနား ချက်(%) |
| နေပြည်တော် | ၁၇၀၀၀ | ၁၈၀၀၀ | (+)၅.၈၈ |
| ရန်ကုန် | ၁၇၆၀၀ | ၁၇၆၀၀ | ၀.၀၀ |
| မန္တလေး | ၁၅၀၀၀ | ၁၂၀၀၀ | (-)၂၀.၀၀ |
| မကွေး | ၁၂၀၀၀ | ၁၃၅၀၀ | (+)၁၂.၅၀ |
| ပဲခူး | ၁၂၇၀၀ | ၁၅၀၀၀ | (+)၁၈.၁၁ |
| စစ်ကိုင်း | ၂၃၀၀၀ | ၂၈၃၀၀ | (+)၂၃.၀၄ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၃၀၀၀ | ၁၆၀၀၀ | (+)၂၃.၀၈ |
| ရခိုင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၃၅၀၀ | ၁၄၀၀၀ | (+)၃.၀၇ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဖေဖော်ဝါရီ ဒုတိယ (၁၅)ရက် | မတ်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၃၀၀၀ | ၄၄၀၀၀ | (+)၂.၃၃ |
| ရန်ကုန် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၃၀၀၀ | ၄၁၀၀၀ | (-)၄.၆၅ |
| မကွေး | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |
| ရောဝတီ | ၄၁၀၀၀ | ၄၅၀၀၀ | (+)၉.၇၆ |
| ပဲခူး | ၄၅၀၀၀ | ၄၆၀၀၀ | (+)၂.၂၂ |
| စစ်ကိုင်း | ၄၀၀၀၀ | ၄၅၀၀၀ | (+)၁၂.၅၀ |
| ကချင် | ၄၀၀၀၀ | ၄၃၀၀၀ | (+)၇.၅၀ |
| ကရင် | ၃၇၀၀၀ | ၃၉၀၀၀ | (+)၅.၄၀ |
| မွန် | ၃၉၂၀၀ | ၄၄၀၀၀ | (+)၁၂.၂၄ |
| ရခိုင် | ၄၀၀၀၀ | ၄၂၀၀၀ | (+)၅.၀၀ |

## ပဲတီစိမ်းနှင့်မတ်ပဲ

- ပဲတီစိမ်းဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း၌လည်း ရန်ကုန်ဈေးကွက်၌ပင် တစ်တင်းလျှင် (၅၅၀၀၀) ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဖေဖော်ဝါရီဒုတိယ (၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် နေပြည်တော်၌ တစ်တင်းလျှင် ၃၀၀၀ကျပ်(၆%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းခဲ့သော်လည်း အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၆၀၀၀ ကျပ်(၁%မှ ၁၅%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်ကာ အချို့ဈေးကွက်များတွင် အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ပင် တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌ တစ်တင်းလျှင် ၂၀၀၀ ကျပ်(၄%)ခန့်ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သည်မှလွဲ၍ ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်(၂%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ပဲစဉ်းငုံဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်တင်းလျှင် (၄၈၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်၌ တစ်တင်းလျှင် ၈၀၀၀ ကျပ်(၁၈%) ခန့်ဈေးနှုန်းသိသာစွာကျဆင်းခဲ့ပြီး မကွေးဈေးကွက်၌ တစ်တင်းလျှင် ၈၅၀၀ကျပ်(၂၅%)ခန့် ဈေးနှုန်းသိသာစွာမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။
- မတ်လပထမ(၁၅)ရက်အတွင်း ပဲမျိုးစုံဈေးနှုန်းအခြေအနေမှာ အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒ အပြောင်းအလဲများရှိခဲ့သော်လည်း ပို့ကုန်ပဲဝယ်ယူသူများ၏ဝယ်လိုအားကျဆင်းသွားခြင်းမရှိဘဲ အဝယ်ဈေးမြင့်တက်လာခြင်း၊ ပြည်တွင်းငွေလဲလှယ်နှုန်းထား မြင့်တက်လာခြင်းနှင့် ပဲဝယ်ယူသိုလှောင်မှုများရှိနေခြင်း၊ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံကဲ့သို့သော ပို့ကုန်ပဲများအထွက်နှုန်းလျော့နည်းနိုင်မည်ဟု ခန့်မှန်းထားရာ ဈေးကွက်လိုအပ်ချက်ရှိနေခြင်းတို့ကြောင့် ပို့ကုန်ပဲဈေးနှုန်းများမှာထူးခြားစွာမြင့်တက်မလာသေးသော်လည်းအမြင့်ဈေးဖြင့်ပင် ဈေးငြိမ်လျက်ရှိနေခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- မတ်လပထမ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၁၈၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး (၁၆၀၀)ကျပ်ဖြင့် ဈေးနှုန်းအနိမ့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့် ပဲခူးတို့တွင် တစ်ပိဿာလျှင် ၅၀၀ ကျပ်နှင့် ၂၀၀ ကျပ်တို့ဖြင့် အသီးသီးဈေးနှုန်းမြင့်တက်လာပြီး နေပြည်တော်၌ ၂၀၀ကျပ်ခန့် ဈေးနှုန်းကျဆင်းကာ မကွေးနှင့် မန္တလေးနှင့် ရှမ်းပြည်နယ်တို့၌ ဝါဈေးနှုန်းငြိမ်နေပါသည်။

## ချက်ကြိုး

- မတ်လပထမ(၁၅)ရက်အတွင်း ချက်ကြိုးဈေးနှုန်းအခြေအနေမှာ ကြံစိုက်ဒေသအများစုရှိ အချို့သော သကြားစက်ရုံများအနေဖြင့် ယခုနှစ်အတွက် ကြံကြိတ်ဝါးရာသီပြီးဆုံးသွားပြီဖြစ်သော်လည်း စက်သွင်းကြံဈေးနှုန်းမှာ အမြင့်ဆုံးဈေးနှုန်းဖြစ်သည့် တစ်တန်လျှင် (၆၀၀၀၀) ကျပ်ဖြင့်ပင် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေး၌သာ တစ်တန်လျှင် (၂၀၀၀) ကျပ်ဈေးနှုန်းကျဆင်းကာ ကရင်ပြည်နယ်၌ တစ်တန်လျှင် (၆၅၀၀)ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။




## ရော်ဘာ

### မတ်လပထမ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် မတ်လပထမ(၁၅)ရက်အတွင်း တနင်္သာရီဒေသ၌ (၁၂၁၁)ကျပ်မှ (၁၃၀၁)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၁၁၇၄) ကျပ်မှ (၁၂၀၀)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၁၁၄၂)ကျပ်မှ (၁၁၈၃)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၂၀၅)ကျပ်ရှိနေပါသည်။
- ရော်ဘာဈေးနှုန်းမှာ ယခုကာလအတွင်း အထွက်နှုန်းလျော့နည်းနေမှုကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်၍ဝယ်ယူမှုများရှိနေခြင်းနှင့် တရုတ်နိုင်ငံဘက်မှ ခိုင်မာသောဝယ်လိုအားရှိနေခြင်းတို့ကြောင့် ဆက်လက်မြင့်တက်လျက်ရှိနေခြင်းဖြစ်ပါကြောင်း သိရှိရပါ သည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ မတ်လပထမ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းရှိ ကြက်သွန်နီပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၉၅၇)ကျပ် ရှိနေပါသည်။ ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရန်ကုန်နှင့် မကွေးဈေးကွက်တို့တွင် တစ်ပိဿာလျှင် ၁၀၀ကျပ်(၁၂%)ခန့် ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၄၅၀ကျပ်(၁၄%မှ ၅၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များ၌ တစ်ပိဿာလျှင် ၁၀၀၀ကျပ်မှ ၁၂၀၀ကျပ်အတွင်း အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးငြိမ်နေပါသည်။ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းဝင်ရောက်မှုမရှိသေးဘဲ ယခင်လက်ကျန်များသာ ဈေးကွက်ဝင်ရောက်မှုရှိနေပြီး ဘင်္ဂလားဒေ့ရှ်သို့လည်း တင်ပို့မှုရှိနေရာ အနည်းငယ်သာဝင်ရောက်သည့်အတွက် ဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဖေဖော်ဝါရီဒုတိယ(၁၅)ရက် | မတ်လပထမ(၁၅)ရက် | ခြားနားချက် (%) |
| နေပြည်တော် | ၃၀၀၀ | ၃၈၀၀ | (+)၂၆.၆၇ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၄၀၀ | ၄၃၀၀ | (+)၂၆.၄၇ |
| မကွေး | ၃၅၀၀ | ၃၂၀၀ | (-)၈.၅၇ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| တနင်္သာရီ | ၅၅၀၀ | ၅၀၀၀ | (-)၉.၀၉ |
| ကချင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| ကရင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| ချင်း | ၆၅၀၀ | ၆၅၀၀ | ၀.၀၀ |
| မွန် | ၃၅၀၀ | ၄၀၀၀ | (+)၁၄.၂၉ |
| ရခိုင် | ၃၆၀၀ | ၄၃၀၀ | (+)၁၉.၄၄ |
| ရှမ်း | ၃၂၀၀ | ၃၂၀၀ | ၀.၀၀ |

○ မတ်လပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ ချင်းပြည်နယ်၌ တစ်ပိဿာလျှင် (၆၅၀၀)ကျပ် ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မကွေးနှင့် တနင်္သာရီဈေးကွက်တို့၌သာ တစ်ပိဿာလျှင် ပျမ်းမျှ ၄၀၀ ကျပ်ခန့် ဈေးနှုန်းကျဆင်းသွားသော်လည်း အချို့ဈေးကွက်များတွင် ၅၀၀ကျပ်မှ ၉၀၀ကျပ်(၁၄%မှ ၂၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းငြိမ်နေသည်ကို တွေ့ရှိရပါသည်။

## ခရမ်းချဉ်




○ ခရမ်းချဉ်ဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း ချင်းပြည်နယ်၌ တစ်ပိဿာလျှင်(၃၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရှမ်းပြည်နယ်၌ တစ်ပိဿာလျှင် (၂၀၀၀) ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစု၌ တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၁၅၀၀ကျပ် (၆%မှ ၆၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ငရုတ်(အစို)




○ ငရုတ်(အစို)ဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး (၇၀၀၀)ကျပ်ရှိနေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင်၁၀၀၀ကျပ်(၁၆%)ခန့် ဈေးနှုန်းသိသာစွာမြင့်တက်ခဲ့ပြီး မွန်ပြည်နယ်၌ တစ်ပိဿာလျှင် ၁၃၀၀ကျပ်(၃၇%)ခန့်ဈေးနှုန်းကျဆင်းကာ ဈေးကွက်အများစုတွင် ဈေးငြိမ်လျက်ရှိနေပါသည်။

## ငရုတ်(အခြောက်)

○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ မတ်လပထမ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး (၁၀၀၀၀)ကျပ်ရှိနေပြီး ဖေဖော်ဝါရီဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက နေပြည်တော်ဈေးကွက်၌သာ တစ်ပိဿာလျှင် ၃၀၀၀ကျပ်(၅၀%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစုတွင် ဈေးနှုန်း သိသာစွာ ပြောင်းလဲမှုမရှိခဲ့ပါ။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

## ၂၀၂၂ခုနှစ် မတ်လပထမ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၅၀၀၀ | ၅၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၈၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | - |
| ငါးမြင်း | ॥ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ॥ | ၇၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၀၀၀၀ | ၁၅၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ॥ | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၂၀၀၀ |
| တီလားပီးယား | ॥ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ॥ | ၁၇၀၀၀ | ၃၀၀၀၀ | - | ၁၀၅၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၈၅၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၀၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၅၀၀၀ |
| ပုစွန်ဂျော့ | ॥ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ॥ | ၈၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၉၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ကြက်(ဒေသ) | ॥ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ |
| ဝက် | ॥ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ |
| အမဲ | ॥ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၂၀၀၀ |
| ဆိတ် | ॥ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၄၀ | ၂၀၀ |
| ဘဲ | ॥ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၀၀ |
| ငုံး | ॥ | ၃၀ | ၃၀ | ၃၀ | ၂၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### သီရိလင်္ကာနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့မှုတွင် ဈေးနှုန်းမြင့်မားစွာ ရရှိနေခြင်း

- မြန်မာ့ဆန်တင်ပို့မှုရာတွင် အခြားနိုင်ငံများထက် သီရိလင်္ကာနိုင်ငံသို့တင်ပို့ရာ ဈေးနှုန်းမြင့်မားစွာ ရရှိနေပြီး သင်္ဘောဖြင့်တင်ပို့ရာတွင်လည်း အဆင်ပြေလျက်ရှိကြောင်း ဘုရင့်နောင် ဆန်စပါး လက်လီလက်ကားအရောင်းဌာန၏ အတွင်းရေးမှူးဖြစ်သူ ဦးသန်းဦးမှ ပြောကြားခဲ့ကြောင်း၊
- ကုန်စည်ပို့ဆောင်ရေး (FOB) ဈေးတက်သော်လည်း အခြားနိုင်ငံများသို့ စပါးတင်ပို့မှုတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၄၀မှ ၃၅၀)ကြားတွင်ရှိပြီး သီရိလင်္ကာနိုင်ငံသို့ စပါးတင်ပို့မှုတွင် တစ်တန်လျှင် ဒေါ်လာ (၄၄၀မှ၄၅၀) ထိ အမျိုးမျိုးရရှိကြောင်း၊
- ယခင်နှစ်များတွင် အိမ်နီးချင်းနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံသို့ မြန်မာ့ဆန်စပါး တင်ပို့ခဲ့ခြင်းမှာ အောင်မြင်ကြောင်းနှင့် ထိုနိုင်ငံသို့ ရေကြောင်းလမ်းမှ တစ်ဆင့်လည်း တင်ပို့နိုင်ကြောင်း၊ အခြားနိုင်ငံများသို့ တင်ပို့ခြင်းထက် သီရိလင်္ကာနိုင်ငံသို့ တင်ပို့ခြင်းသည် ကန့်သတ်ချက်များ နည်းကြောင်း၊
- သီရိလင်္ကာနိုင်ငံသည် ဆန်အရည်အသွေးနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များ မရှိကြောင်း၊ တရုတ်နှင့် ဥရောပနိုင်ငံများတွင် မြန်မာ့ဆန်စပါးတင်ပို့မှု၌ AQSIQ (General Administration of Quality Supervision, Inspection and Quarantine of the People Republic of China)နှင့် အသိအမှတ်ပြုလက်မှတ်များကဲ့သို့ ကန့်သတ်ချက်များ များပြားကြောင်းနှင့် အနည်းငယ်ရှုပ်ထွေးကြောင်း၊
- လက်ရှိတွင် (၂၀၂၂)ခုနှစ်နှင့် (၂၀၂၃)ခုနှစ် (၂)နှစ်ဆက်တိုက် ဆန်ချောတန်ချိန် (၁) သိန်း နှင့် ပေါင်းခံဆန် (ပြုတ်ဆန်) တန်ချိန်(၅)သောင်းတင်ပို့ရန် ဇန်နဝါရီလ(၇)ရက်နေ့တွင် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ နှစ်နိုင်ငံအစိုးရများနားလည်မှုစာချွန်လွှာ(MOU) လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုဆန်တင်ပို့မှုကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ နှစ်စဉ် ဦးဆောင်တင်ပို့ခြင်းဖြစ်ကြောင်း၊
- ယခုအခါ စပါးဈေးကွက်တွင် မိုးစပါး သိုလှောင်ကုန်နည်းပြီး အသစ်ရိတ်သိမ်းထားသော နွေစပါးများ ဈေးကွက်အတွင်း မကြာမီဝင်ရောက်လာမည်ဖြစ်ရာ ပင်လယ်ရေကြောင်းလမ်းမှ အဓိကတင်ပို့သည့် ဈေးကွက်များထဲမှတစ်ခုဖြစ်သည့် ဘုရင့်နောင်ဆန်လက်ကားအရောင်းဌာနသို့ နေ့စဉ် ဆန်အိတ်ပေါင်း ၃ သိန်း(သို့) ၄သိန်းခန့်နှင့် အရည်အသွေးနိမ့် စပါးများ ဝင်ရောက်လျက်ရှိကြောင်း၊
- ယခုဘဏ္ဍာနှစ်အတွင်း အောက်တိုဘာ (၁)ရက်နေ့မှ ဇန်နဝါရီ (၃၁)ရက်နေ့ထိ ဆန်နှင့် အရည်အသွေးနိမ့်ဆန် တန်ချိန်ပေါင်း (၁)သန်းနှင့်အထက် တင်ပို့ခဲ့ကြောင်း၊
- ယင်းတို့အနက် တရုတ်နိုင်ငံသည် မြန်မာ့ဆန်အများအပြား အသားတင် တင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရပါကြောင်း The Global New Light of Myanmar မှ (၂၀.၂.၂၀၂၂)ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**
Source: https://www.gnlm.com.mm/myanmars-rice-export-to-sri-lanka-fetches-high-prices/

### ပြည်တွင်းစားသုံးမှု မြင့်မားလာခြင်းကြောင့် မြန်မာ့ကုလားပဲဈေးနှုန်း မြင့်တက်လာခြင်း

- မန္တလေးဈေးကွက်အတွင်းသို့ ဒေသအသီးသီးမှ ကုလားပဲများ ဝင်ရောက်လျက်ရှိကာ ပြည်တွင်းစားသုံးမှုများလာခြင်းကြောင့် ကုလားပဲဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရှိရကြောင်း၊
- ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ စစ်ကိုင်းနှင့် မုံရွာမြို့များမှ ကုလားပဲများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိနေရာ လက်ရှိကုလားပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် (၁၁၆,၀၀၀)ဖြင့် အမြင့်ဆုံးသို့ရောက်ခဲ့ပြီး ယခင်နှစ်တွင် အမြင့်ဆုံး အနေဖြင့် တစ်အိတ်လျှင် ငွေကျပ်(၈၀,၀၀၀)သာရခဲ့ကြောင်း စိုးဝင်းမြင့်ကုန်စည်ဒိုင်ထံမှ သိရှိရကြောင်း၊
- ပြည်တွင်းဈေးကွက်တွင် ကုလားပဲများ အဝယ်လိုက်လာမှုကြောင့် မန္တလေးမြို့ရှိ ပဲကြိတ်ခွဲစက်များကို လည်ပတ်စေနိုင်ကာ ဒေသခံများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း၊
- ကုန်သည်များသည် အိန္ဒိယနိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုနှင့် ပဲစေ့များတွင် ပိုးမွှားများကင်းစင်မှုတို့ကြောင့် အထွက်နှုန်းအလွန်မြင့်မားကြောင်း၊ (၂၀၂၁) ခုနှစ် အထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက (၁၀)ရာခိုင်နှုန်း တိုးလာရန် မျှော်မှန်းထားကြောင်း၊
- ကုလားပဲကို အဓိကအားဖြင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများနှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသရှိ ပဲခူးတိုင်းဒေသကြီးတွင်ပါ စိုက်ပျိုးလျက်ရှိပြီး အများဆုံးစိုက်ပျိုးသည့် ကုလားပဲမျိုးများမှာ V2၊ V7 နှင့် 927 မျိုးတို့ ဖြစ်ကြောင်း၊
- လက်ရှိပဲမျိုးစုံဈေးကွက်အခြေအနေမှာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် (၁၂၁,၀၀၀)နှုန်း၊ ပဲစဉ်းငုံတစ်အိတ်လျှင် ငွေကျပ်(၁၂၄,၀၀၀)နှုန်း၊ ပဲတီစိမ်းတစ်အိတ်လျှင် ငွေကျပ်(၁၀၈,၀၀၀)နှုန်း၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် (၁၄၂,၀၀၀) နှုန်း၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် (၉၇,၀၀၀)နှုန်း၊ မြေပဲတစ်ပိဿာလျှင် ငွေကျပ်(၃,၃၀၀)နှုန်း အသီးသီးရှိကြောင်း (၂၁.၂.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The GLOBAL NEW LIGHT OF MYANMAR ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန**
Source: https://www.gnlm.com.mm/myawady-border-sees-abundant-corn-supply-to-thailand-under-zero-tariff

### မြန်မာ့ရော်ဘာဈေးနှုန်းတစ်ပေါင်လျှင် ငွေကျပ် (၁၂၀၀)အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်း

- မွန်ပြည်နယ်သထုံမြို့နယ်သုဝဏ္ဏဝတီမြို့၌ ရော်ဘာကုန်ကြမ်း တစ်ပေါင်လျှင် ငွေကျပ်(၁၂၀၀) စံချိန်တင်ဈေးတက်ခဲ့ကြောင်း၊ ယခုအချိန်တွင် တောင်သူများနှင့် ကုန်သည်များသည် မှိုင်းခံရော်ဘာပြားများ ပြုလုပ်ဆောင်ရွက်ခြင်းမရှိဘဲနေရောင်ဖြင့် အခြောက်ခံရော်ဘာကိုသာ ရောင်းချကြပါကြောင်း၊
- ယခုနှစ်၌ ရော်ဘာဈေးနှုန်း အလွန်မြင့်မားကြောင်း၊ ရော်ဘာရာသီအစတွင် တစ်ပေါင်လျှင် (၁၁၀၀)ကျပ်အထိရရှိပြီး တစ်ပေါင်လျှင် (၉၅၀)ကျပ်အထိ အနည်းငယ်လျော့ကျခဲ့ပါကြောင်း၊
- ရော်ဘာလုပ်ငန်းသည် ယခုနှစ်တွင် တိုးတက်နေပါကြောင်း ဝီယော်ကျေးရွာတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို လုပ်ကိုင်နေသော ရော်ဘာတောင်သူဒေါ်နန်းအေးအေးခိုင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ကော့သောင်းမြို့မှ ပုံမှန်ဝယ်လိုအားကြောင့် ဈေးနှုန်းမြင့်မားနေပါကြောင်း၊ ရော်ဘာထုတ်လုပ်မှုအရည်အသွေးပေါ်မူတည်၍ တစ်ပေါင်လျှင် (၁၀၁၅) ကျပ်မှ(၁၂၃၀)ကျပ်ကြား ဈေးနှုန်းရှိကြောင်း သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ရော်ဘာရောင်းချသူဒေါ်ထားရွှေ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ယမန်နှစ် COVID-19 ကြောင့် မြန်မာနှင့် တရုတ်ကြား ကုန်သွယ်မှုရပ်ဆိုင်းပြီးနောက် ကုန်သွယ်မှုလမ်းကြောင်းကို လက်ရှိတွင်ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး မြန်မာနိုင်ငံသည် နေ့စဉ် ရော်ဘာ၊ ပဲမျိုးစုံ၊ ဇီးသီးခြောက်၊ ဖရဲသီး၊ သခွားမွှေးနှင့် အခြားစား

သောက်ကုန်များကို ကျဉ်စမ်းကျော့နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့နေ့စဉ်ပို့ဆောင်လျက်ရှိကြောင်း၊

- ♣ မွန်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏အချက်အလက်များအရ မွန်ပြည်နယ်သည် တစ်နှစ်လျှင် ရော်ဘာပေါင်သန်း(၂၄၀)ကျော်ထွက်ရှိပြီး နိုင်ငံအတွင်း ရော်ဘာထွက်ရှိမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း၊
- ♣ ရော်ဘာကို မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် ထုတ်လုပ်ကြောင်း၊ နိုင်ငံတစ်ဝှမ်း နှစ်စဉ် ရော်ဘာတန်ချိန် (၃၀၀,၀၀၀)ခန့် ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံမှထွက်ရှိသော ရော်ဘာ ၇၀) ခိုင်နှုန်း ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြစ်ပြီး စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်းတင်ပို့ကြောင်း မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ သိရှိရကြောင်း၊
- ♣ မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံသည် ယခင်ဘဏ္ဍာ ရေးနှစ်(၂၀၂၀-၂၀၂၁)ခုနှစ်တွင် ပြည်ပကုန်သွယ်မှု မိတ်ဖက်များထံသို့ ရော်ဘာ မက်ထရစ်တန်(၃၀၃,၂၈၃)တန် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ (၄၄၉)သန်းကျော် ရရှိခဲ့ပါကြောင်းနှင့် ၎င်းသည်(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်ထက် တန်ချိန်(၈၉,၈၈၀)တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ(၁၈၄.၆)သန်း ပိုမိုရရှိခဲ့ကြောင်း(၃.၃.၂၀၂၂)တွင်ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**
Source: https://www.gnlm.com.mm/rubber-price-reaches-fresh-peak-of-k1200-per-pound/

## အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒ အပြောင်းအလဲသည် မြန်မာ့ပဲတီစိမ်း ဈေးကွက်အပေါ် သက်ရောက်မှုမရှိခြင်း

- ❖ အိန္ဒိယနိုင်ငံသည် ယခင်က ကုန်သွယ်မှုပြုခဲ့သော ပဲတီစိမ်းကို တင်သွင်းခွင့် ကန့်သတ်ထားသော်လည်း မြန်မာနိုင်ငံရှိ ပဲတီစိမ်းဈေးကွက်အပေါ်၌ ကြီးကြီးမားမားသက်ရောက်မှု ရှိမည်မဟုတ်ကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံမှ သိရှိရကြောင်း၊
- ❖ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစဉ်းငုံကို အဓိကဝယ်ယူသည့် နိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံသို့ ပဲတီစိမ်းတင်ပို့မှုမှာစုစုပေါင်း(၁၂)ရာခိုင်နှုန်းမျှသာရှိကြောင်း၊
- ❖ အိန္ဒိယနိုင်ငံသည်နိုင်ငံ၏ရိတ်သိမ်းချိန်ကာလအတွင်း ကာကွယ်ရေးမူဝါဒကိုကျင့်သုံးကာ ပဲတီစိမ်းတင်သွင်းမှုကိုကန့်သတ်လိုက်ပြီး နိုင်ငံတော်မှသတ်မှတ်ထားသည့် အခြေခံရည်ညွှန်းဈေးနှုန်းအောက် မကျဆင်းစေရန် သတ်မှတ်ပြဌာန်းလိုက်ကြောင်း၊
- ❖ နယ်စပ်ကုန်သွယ်ရေးစခန်းများ ပိတ်သိမ်းထားသော်လည်း မြန်မာ့ပဲတီစိမ်းများကို ကနဦးအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် တရုတ်နှင့်စင်ကာပူနိုင်ငံတို့ထံသို့ တင်ပို့လျက်ရှိသည့်အပြင် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဥရောပနိုင်ငံများကိုပါ ရေကြောင်းဖြင့် တင်ပို့လျက်ရှိကြောင်း၊
- ❖ ပြည်ပဈေးကွက်ဝင်ရောက်မှု အားကောင်းလာသည်နှင့်အမျှ အစိုးရနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များသည် ယခင်နှစ်များမှစတင်ကာ ပဲတီစိမ်းစိုက်ပျိုးသူများ၏စိုက်ဧကများတိုးလာရန်အကြံပြုထားကြောင်း၊
- ❖ ပဲတီစိမ်းတင်သွင်းမှုအပေါ် အိန္ဒိယနိုင်ငံ၏ မူဝါဒ အပြောင်းအလဲကြောင့် မြန်မာ့ပဲတီစိမ်းဈေးကွက်ကို ထိခိုက်နိုင်မည်မဟုတ်သောကြောင့် ဈေးနှုန်းများ သိသိသာသာကျဆင်းသွားဖွယ်မရှိကြောင်းကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှသုံးသပ်ထားကြောင်း၊
- ❖ အိန္ဒိယနိုင်ငံအနေဖြင့် ပဲတီစိမ်းတင်သွင်းမှုအပေါ် ကန့်သတ်ချက်များ လျှော့ချထားကြောင်းကို အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် S.O 624(E)အရ သိရှိရကြောင်း၊
- ❖ မတ်ပဲနှင့် ပဲတီစိမ်းအတွက် အိန္ဒိယနိုင်ငံသည် ကုန်စည်ပို့ဆောင်မှုကင်းရှင်းရေးနှင့်ပတ်သက်၍ (၂၀၂၂)ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ လျှော့ပေါ့ပေးခဲ့သော်လည်း ပဲတီစိမ်း တင်သွင်းမှုအပေါ် ကန့်သတ်ချက်ကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ကြောင်း၊
- ❖ မြန်မာဘက်မှ ဖေဖော်ဝါရီလ(၁၁)ရက်နေ့နောက်ပိုင်း တင်သွင်းလာသည့် ပဲတီစိမ်းများကို မူဝါဒ အပြောင်းအလဲကြောင့် အခွန်ကောက်ခံမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနိုင်ငံနှင့် အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ❖ သက်ဆိုင်ရာအသင်းအဖွဲ့များအနေဖြင့် ဈေးကွက်တည်ငြိမ်ရေးနှင့် ပိုမိုကောင်းမွန်သော ဈေးနှုန်းကို ပေးနိုင်မည့်ဥရောပသမဂ္ဂအပါအဝင် ပြည်ပဈေးကွက်များကို ထိုးဖောက်နိုင်ရန်အတွက် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊
- ❖ နိုင်ငံတစ်ဝှမ်းလုံးတွင် ခန့်မှန်းခြေအားဖြင့် ပဲမျိုးစုံစိုက်ပျိုးသည့်ဧကပေါင်း (၉.၉)သန်းခန့် ရှိပြီး နှစ်စဉ်တန်ချိန်ပေါင်း (၄.၁)သန်းထွက်ရှိကြောင်း၊ (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပဲတီစိမ်းတန်ချိန်ပေါင်း (၇၀၀,၀၀၀)ခန့်ကို ကုန်သွယ်မှုမိတ် ဖက်(၆၄)နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊
- ❖ မီနီဘတ်ဂျတ်ကာလဖြစ်သည့် (၂၀၂၁)ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့မှ (၂၀၂၂)ခုနှစ် ဖေဖော်ဝါရီလ(၄)ရက်အကြားတွင် ကမ္ဘာ့ဈေးကွက်သို့ ပဲတီစိမ်းတန်ချိန် (၁၄၇,၃၂၆)တန် တင်ပို့နိုင်ခဲ့ပြီး ထိုသို့တင်ပို့မှုများထဲမှ အိန္ဒိယဈေးကွက်သို့ (၁၈,၈၄၂)တန် တင်ပို့ခဲ့ကြောင်း ဘုရင့်နောင်လက်ကားဈေးကွက်၏ အချက်အလက်များအရ လက်ရှိပဲတီစိမ်း ပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ်(၁,၉၀၀)မှ (၂,၃၅၀) အထိရှိကြောင်း (၁.၃.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light Of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန**
Source: https://www.gnlm.com.mm/Indias-policy-changes-indifferent-to-myanmar-green-gram-market/

# ပြည်ပသတင်းများ

## အိန္ဒိယနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE)တို့၏ ကုန်သွယ်မှု သဘောတူညီချက်သည် မြေပဲ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များနှင့် အခြားသော ပစ္စည်းများတင်ပို့မှုကို မြှင့်တင်ပေးနိုင်ခြင်း

- ○ UAE နှင့် အိန္ဒိယနိုင်ငံတို့၏ ပြီးပြည့်စုံသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အသစ် (Comprehensive Economic Partnership Agreement-CEPA)သည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ မြေပဲ၊ နို့ထွက်ပစ္စည်းများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ပို့ဆောင်နေသော ပြုပြင်ပြီး စားသောက်ကုန်များ၏တင်ပို့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး မေလတွင် စတင်အသက်ဝင်မည့် အဆိုပါ စာချုပ်အရ စည်းကြပ်ခွန်များကို ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းသည် အဆိုပါပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အခြားသောပို့ကုန်လုပ်ငန်းရှင်များထက် အားသာချက်ရရှိစေမည်ဖြစ်ကြောင်း၊
- ○ UAE သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံ၏လယ်ယာထွက်ကုန်များကို ဒုတိယအများဆုံး တင်ပို့သောနိုင်ငံဖြစ်ပြီး (၂၀၂၀-၂၁)ခုနှစ်တွင် UAE သို့ အိန္ဒိယနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ (၁,၉၂၆)သန်းရှိပြီး (၂၀၂၁-၂၂) သုံးလပတ်တွင် အမေရိကန်ဒေါ်လာ (၁,၈၆၅) သန်းကျော်ရှိခဲ့ကြောင်း လက်ရှိတွင် UAE နိုင်ငံသို့

လယ်ယာထွက်ကုန် တင်ပို့မှုသည် အကောက်ခွန် (၅)ရာခိုင်နှုန်းရှိကြောင်း (၂၃.၂.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော financial express.com ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/ 9403503/ indian-trade-pact-with-uae-boosts-exports-of-groundnuts-fruit-vegetables-and-more/

## ယူကရိန်းမှ နေကြာဆီပြတ်လပ်မှုကြောင့် အိန္ဒိယဝယ်လက်များသည် မလေးရှားနိုင်ငံမှ စားအုန်းဆီ မှာယူမှုများ တစ်ဟုန်ထိုး မြင့်တက်လာခြင်း

- ✓ ယူကရိန်းမှ နေကြာဆီတင်ပို့ရောင်းချမှုနှင့် ပတ်သက်၍စိုးရိမ်လျက်ရှိသော အိန္ဒိယဝယ်လက်များသည် ဧပြီလအစောပိုင်းတွင် စတင်မည့် ရမ်ဇာန်လများ (အစ္စလမ်ဘာသာဝင်တို့၏ ပြက္ခဒိန်နှစ်(၉) မြောက်တွင် နေထွက်နေဝင် အစားအသောက်ရှောင်သောဥပုဒ်)မတိုင်မီ ဝယ်လိုအားဖြည့်ဆည်းရန် မလေးရှားနိုင်ငံမှ စားအုန်းဆီကုန်ကြမ်းဘက်လှည့်လာသည်ဟု စက်မှုလုပ်ငန်းသတင်းအရင်းအမြစ်များမှတစ်ဆင့် သိရှိရကြောင်း၊
- ✓ အထူးသဖြင့် အိန္ဒိယနိုင်ငံရှိ ရောင်းချမှုကွင်းဆက်နှင့် ပတ်သက်၍ ထိတ်လန့်မှုများ ဖြစ်ပေါ်နေပြီး အရင်းအမြစ်များမှ စားသုံးဆီများကိုကာမိစေရန် ဝယ်လက်များမှ တောင်းဆိုသောဈေးနှုန်း ကို ရှာဖွေနေခြင်းဖြစ်ကြောင်း နေကြာဆီအများစုရောင်းဝယ်ရေးလုပ်နေသည့် အိန္ဒိယအခြေစိုက် ကုန်သွယ်မှုရုံး Athena Tradewinds ၏ မန်နေးဂျင်းဒါရိုက်တာ VivekPathak ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ✓ လွန်ခဲ့သည့်လတွင် ယူကရိန်းမှ နေကြာဆီတန်ချိန်ပေါင်း (၅)သိန်း ကျန်ရှိမည်ဟု ခန့်မှန်းထားပြီး မတ်လတွင် တန်ချိန်ပေါင်း(၄)သိန်းခွဲဝန်းကျင်ရှိကာ ထိုအထဲမှ အိန္ဒိယနိုင်ငံသည် လစဉ် တန်ချိန်ပေါင်း(၂)သိန်းခွဲခန့် ဝယ်ယူနေကြောင်း၊
- ✓ ဖေဖော်ဝါရီလ (၂၄)ရက်တွင် ရုရှားသည် ယူကရိန်းကို ကျူးကျော်ပြီးသည့်နောက် တင်ပို့ရောင်းချမှုများအား ခြေရာခံနိုင်ခြင်းမရှိသေးသည့်အတွက် ဝယ်ယူသူများသည် ယူကရိန်းနေကြာဆီအတွက် မှာယူမှုအသစ်များ မရှိကြောင်း သတင်းအရင်းများအရ သိရှိရကြောင်း၊
- ✓ ယူကရိန်းသည် ကမ္ဘာ့နေကြာဆီတင်ပို့မှု၏ (၄၆) ရာခိုင်နှုန်းရှိပြီး ပဋိပက္ခသည် ကမ္ဘာလုံးဆိုင်ရာ စားသုံးဆီ ကုန်သွယ်စီးဆင်းမှုကို သိသာထင်ရှားစွာ အနှောင့်အယှက်ဖြစ်စေကြောင်း (၁.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော S&P Global ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.spglobal.com/commodity-insights/en/market-insights/latest-news/agriculture/030122-malaysian-palm-oil-orders-surge-as-buyers-cover-for-shortfall-in-ukraine-sunflower-oil

## ယူကရိန်းနိုင်ငံမှ ပြောင်းများကို တင်သွင်းဝယ်ယူနေသူများသည် EU ဘက်သို့ ပြောင်းလဲဝယ်ယူလာကြခြင်း

- ပြောင်းအဓိကဝယ်ယူလျက်ရှိသည့်နိုင်ငံများဖြစ်သော Benelux, Iberia, အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများသည် ရုရှား၏ ကျူးကျော်မှုကြောင့် ယူကရိန်းနိုင်ငံမှ ၎င်းတို့၏ ပြောင်းဝယ်ယူမှုများကို EU ဆီသို့ ပြောင်းလဲလာကြောင်း ကုန်သည်များထံမှသိရှိရကြောင်း၊
- ရိုမေးနီးယား၊ ဘူလ်ဂေးရီးယားနှင့် ပြင်သစ်နိုင်ငံတို့သည် ယူကရိန်းထောက်ပံ့မှုများကို အစားထိုးရန် တင်သွင်းသူများအတွက် ပထမဆုံးရွေးချယ်စရာနိုင်ငံများဖြစ်လာခဲ့ပြီး ယင်းကြောင့် ဥရောပပြောင်းဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊
- ယူကရိန်းဆိပ်ကမ်းများတွင် ကမ်းကပ်နေသော အချို့ သင်္ဘောများသည် တစ်စိတ် တစ်ပိုင်းသာ တင်ဆောင်ပြီးခြင်း သို့မဟုတ် စာရွက်စာတမ်း အပြည့်အစုံမပါရှိခြင်းကြောင့် သွင်းကုန်လုပ်ငန်းရှင်များသည် အဆိုပါတင်ပို့မှုများတွင် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ကို သိရှိရန် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊
- EU သည် ယေဘူယျအားဖြင့် အသားတင် ပြောင်းတင်သွင်းသည့် နိုင်ငံဖြစ်သောကြောင့် အချို့သော ကုန်သည်များမှ ပြောင်းတင်သွင်းသူများသည် EU အပြင် အခြားတင်ပို့မှု အရင်းအမြစ်များကို ရှာဖွေရန်လိုအပ်လာလိမ့်မည်ဟု ထင်မြင်ကြကြောင်း၊ လာမည့်လများအတွင်း တရုတ်နိုင်ငံသည် ယူကရိန်းပြောင်းတန်ချိန် သန်းပေါင်းများစွာကို တင်ပို့ရန် ကြိုတင်မှာယူထားကြောင်း၊ ယခုသီတင်းပတ် ဈေးကွက်ဆွေးနွေးမှုတွင် တရုတ်နိုင်ငံသည် ယူကရိန်းမှ တင်ပို့မှုအစား အမေရိကန်ပြောင်းကုန်စည် (၁၀)စီးထက်မနည်းကို ကြိုတင်မှာယူထားကြောင်း (၁.၃.၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော AgWeb website ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: http://www.agweb.com/markets/pro-farmer-analysis/corn-buyers-switching-ukraine-eu

## ရုရှား-ယူကရိန်းဆက်ဆံရေးတင်းမာမှုသည် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ချည်ခင် ဈေးကွက်အပေါ် သက်ရောက်မှုရှိခြင်း

- ရုရှား-ယူကရိန်း ဆက်ဆံရေးတင်းမာမှု ကြီးထွားလာခြင်းကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ချည်ဈေးကွက်တွင် စိတ်ဝင်စားမှုများ ကျဆင်းလာခဲ့ကြောင်း၊ တင်းမာမှုများ ပြင်းထန်လာပါက ပို့ကုန်လုပ်ငန်းများကို ပြင်းထန်စွာ ထိခိုက်လာမည်ကို စိုးရိမ်ရသောကြောင့် အထည်အလိပ်တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးရှိ ဝယ်ယူသူများသည် ဈေးနှုန်းများ ကျဆင်းစေရန်အတွက် သတိထားချည်းကပ်နည်းကို ကျင့်သုံးလာကြကြောင်း၊
- ယနေ့ဝါဈေးနှုန်းကျဆင်းမှုကိုဖြစ်စေသည့် အခြားအကြောင်းအရင်းများမှာ ဝါဈေးနှုန်း ခိုင်မာမှုမရှိခြင်းနှင့် ဝါနှင့်စပ်ဆက်သောကုန်ချော ထုတ်လုပ်သည့်လုပ်ငန်းများတွင် ဝယ်လိုအားနည်းခြင်းတို့ကြောင့်ဖြစ်ပြီး ကုန်သည်များ၏ပြောဆိုချက်အရ အထည်အလိပ်အရည် အသွေးညံ့ဖျင်းခြင်းကြောင့် readymade အထည်ချုပ်(RMG) units များတွင် ကုန်ထုတ်လုပ်မှု နှေးကွေးခြင်း ဖြစ်ပေါ်နေကြောင်း၊
- အထည်ချုပ်စက်ရုံများမှ ဝယ်လိုအား နည်းပါးနေဆဲဖြစ်သောကြောင့်ရက်ကန်းစင်ပိုင်ရှင်များသည်အကန့်အသတ်ဖြင့်သာလည်ပတ်လျက်ရှိပြီး Bhiwandi and Ichalkaranji ဒေသရှိ ရာနှင့်ချီသော ရက်ကန်းစက်များသည် တစ်ရက်လျှင် သုံးဆိုင်းအစား တစ်ဆိုင်းဖြင့်သာ လည်ပတ်လျက်ရှိကြောင်း၊
- မွမ်ဘိုင်းဈေးကွက်တွင် ဝယ်လိုအားပိုမိုကျဆင်းလာသဖြင့် ချည်ဈေးသည် တစ်ကီလိုလျှင် ရူပီး (၃-၅)ခန့် ကျဆင်းခဲ့ပြီး ချည်နံပါတ် ၆၀ အတွက် အသင့်ပြင်ဆင်ထားသော ဝါတိုင်ချည်နှင့်ဖောက်ချည် နှစ်မျိုးကို (၅)ကီလိုဂရမ်လျှင် (၁၉၂၅-၁၉၈၀)ရူပီးနှင့် (၁၇၂၀-၁၈၀၀) ရူပီးအသီးသီးဖြင့် အရောင်းဝယ်ဖြစ်ခဲ့ကြောင်း၊
- ချည် နံပါတ် ၈၀ အတွက် အသင့်ပြင်ဆင် ထားသော ဝါတိုင်ချည်နှင့် ဖောက်ချည်အမျိုးမျိုးကို (၄.၅) ကီလိုဂရမ်လျှင် (၁၈၇၀-၁၉၀၀) ရူပီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၄၄/၄၆တိုင်ချည်များကို (၅)ကီလိုဂရမ်လျှင် (၁၇၄၀-၁၈၀၀)ရူပီးဖြင့် ရောင်းဝယ်ခဲ့ကြကြောင်း၊
- ပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်တွင်းထုတ်လုပ်သူများထံမှ ဝယ်ယူမှုအလွန်နည်းပါးနေဆဲဖြစ်ကြောင်း Tiruppur ဈေးကွက်၏ ကုန်သွယ်မှုသတင်းအရင်းအမြစ်များမှ သိရှိရကြောင်း၊ ချည်အမျိုးအစား အနည်းငယ်၏ဈေးနှုန်းများသည် တစ်ကီလိုလျှင် (၃-၅)ရူပီး ကျဆင်းသွား ကြောင်း၊
- ၃၀ ရေတွက်ချည်ကြမ်းတစ်ကီလိုလျှင် (၃၆၀-၃၇၀) ရူပီးဖြစ်ပြီး ၃၄ရေတွက် ချည်ကြမ်း တစ်ကီလိုလျှင် (၃၇၀-၃၇၅)ရူပီးဖြစ်၍ ၄၀ရေတွက်ချည်ကြမ်း တစ်ကီလိုလျှင် (၃၉၅-၄၀၅) ရူပီးဖြစ်ခဲ့ပြီး ၃၀ ရေတွက်ပေါင်းချည်တစ်ကီလိုလျှင်(၃၂၀-၃၂၅) ရူပီးဖြင့်လည်းကောင်း၊ ၄၀ ရေတွက် ပေါင်းချည် တစ်ကီလိုလျှင်

(၃၄၀-၃၅၀)ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

- ကမ္ဘာ့ချည်ကြိုရောင်းကြိုဝယ်ဈေးကွက်တွင် ZCE ချည်သည် (၂၀၂၂)ခုနှစ်၊မေလတွင် (၉၅)ယွမ်ကျဆင်းပြီး မက်ထရစ်တစ်တန်လျှင် (၂၈,၃၁၅)ဈေးရှိပြီး စက်တင်ဘာလတွင် (၇၀)ယွမ် ကျဆင်းကာ မက်ထရစ်တစ်တန်လျှင် ယွမ်(၂၇,၉၁၅)ဈေးရှိကြောင်း၊
- ကြိတ်ခွဲစက်ရုံများမှ ဝယ်လိုအားနည်းနေစဉ် Gujarat ပြည်နယ်တွင် (၃၅၆)ကီလိုဂရမ်ရှိသော ချည်တစ်လုံးလျှင် (၅၀၀-၈၀၀)ရူပီးအကြားကျဆင်းခဲ့ကြောင်း၊ ရုရှားနှင့်ယူကရိန်းကြား တင်းမာမှုပြင်းထန်လာခြင်းကြောင့် စက်ရုံများသည် စောင့်ဆိုင်းစောင့်ကြည့်ခြင်းမူဝါဒ ချမှတ်ထားသောကြောင့် ချည်ဈေးနှုန်း အားနည်းလျက်ရှိကြောင်း၊
- (၂၉)မီလီမီတာရှိ ချည်တစ်လုံးလျှင် (၇၇,၀၀၀-၇၇,၅၀၀)ရူပီးဖြင့်လည်းကောင်း၊A အဆင့်ချည်များကို (၇၇,၀၀၀-၇၇,၂၀၀)ရူပီးဖြင့်လည်းကောင်း၊ B အဆင့်ချည်များကို (၇၆,၀၀၀-၇၆,၅၀၀) ရူပီးဖြင့် လည်းကောင်း၊ သာမန်ချည်များကို (၇၆,၀၀၀-၇၆,၅၀၀) ရူပီးဖြင့်လည်းကောင်း အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း (၂၂.၂.၂၂)တွင်ထုတ်ပြန်ခဲ့သော Fibre 2 Fashion ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.fibre2fashion.com/news/textile-news/russia-ukraine-tension-impacts-cotton-yarn-prices-in-south-india-279091-newsdetails.htm

## ၂၀၂၂ ခုနှစ်၊ မတ်လပထမ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရှောဝတီ |
| မနောသုခ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၇၅၀၀ | ၂၈၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၃၇၅၀၀ | ၂၈၀၀၀ |
| ရှောမင်း | ၄၆၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၄၅၀၀၀ | ၆၀၀၀၀ | ၅၇၀၀၀ | ၄၃၀၀၀ |

## ၂၀၂၂ ခုနှစ်၊ မတ်လပထမ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၀၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၈၅၀၀ | ၁၀၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၈၅၀၀ | ၉၀၀၀ |
| နေကြာဆီ | ၉၅၀၀ | - | ၇၂၀၀ | ၇၀၀၀ | ၁၁၀၀၀ |
| စားအုန်းဆီ | ၉၀၀၀ | ၇၀၀၀ | - | ၆၂၀၀ | - |
| ပဲပုတ်ဆီ | - | - | ၃၅၀၀ | - | ၈၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းနှင့် တတိယပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဖေဖော်ဝါရီ ဒုတိယပတ် | ဖေဖော်ဝါရီ တတိယပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၆.၄၂၅ | ၁၇.၈၄၉ | (+)၁၁.၄၂၄ |
| | ကီလို | ၉၁၆၀.၅၆ | ၂၅၄၆၂.၁၆၉ | (+)၁၆၃၀၁.၆၀၉ |
| ပဲတီစိမ်း | US$ | ၂၁.၁၂၅ | ၂၀.၉၉၆ | (-)၀.၁၂၉ |
| | ကီလို | ၂၇၆၈၉.၈၉၂ | ၂၈၁၅၂.၁၅၁ | (+)၄၆၂.၂၅၉ |
| ပဲစဉ်းငုံ | US$ | ၂.၂၆၄ | ၆.၈၇၄ | (+)၄.၆၁ |
| | ကီလို | ၃၄၀၆.၅ | ၁၅၆၆၄၇.၁၅၁ | (+)၁၅၃၂၄၀.၆၅၁ |
| ကုလားပဲ | US$ | ၀.၀၀၄ | ၀.၀၆၁ | (+)၀.၀၅၇ |
| | ကီလို | ၉.၀၀ | ၁၁၆.၉၉ | (+)၁၀၇.၉၉ |
| ပဲလွန်းဖြူ | US$ | ၁.၀၃၁ | ၁.၅၈၄ | (+)၀.၅၅၃ |
| | ကီလို | ၁၄၀၀.၂၇၂ | ၂၄၀၇.၆၇၅ | (+)၁၀၀၇.၄၀၃ |
| မြေထောက်ပဲ | US$ | ၂.၃၆ | ၄.၁၄ | (+)၁.၇၈ |
| | ကီလို | ၃၂၀၁.၇၅ | ၅၆၁၀.၄၅၅ | (+)၂၄၀၈.၇၀၅ |
| ထောပတ်ပဲ | US$ | ၀.၁၆၇ | ၀.၀၉၄ | (-)၀.၀၇၃ |
| | ကီလို | ၂၃၉.၀၀ | ၁၃၀.၅၀ | (-)၁၀၈.၅၀ |
| ပဲယင်း | US$ | ၂.၄၆၅ | ၃.၃၅ | (+)၀.၈၈၅ |
| | ကီလို | ၃၂၀၇ | ၄၃၆၃.၅၈ | (+)၁၁၅၆.၅၈ |
| ပဲကြီး | US$ | ၀.၀၀ | ၀.၀၀၆ | (+)၀.၀၀၆ |
| | ကီလို | ၀.၀၀ | ၇.၇၈၅ | (+)၇.၇၈၅ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၀၁၅ | ၀.၀၀ | (-)၀.၀၁၅ |
| | ကီလို | ၂၅.၀၀ | ၀.၀၀ | (-)၂၅.၀၀ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၁၅ | ၀.၀၀ | (-)၀.၀၁၅ |
| | ကီလို | ၂၅.၀၀ | ၀.၀၀ | (-)၂၅.၀၀ |
| ပဲဖြူလေး | US$ | ၀.၀၀ | ၀.၀၉၅၄ | (+)၀.၀၉၅၄ |
| | ကီလို | ၁.၅၀ | ၁၂၅.၀၀ | (+)၁၂၃.၅၀ |
| ဘိုကိတ်ပဲ | US$ | ၀.၇၃၅ | ၀.၆၀၅ | (-)၀.၁၃ |
| | ကီလို | ၁၀၂၃.၁၀ | ၈၇၄.၀၀ | (-)၁၄၉.၁၀ |
| ပဲပုတ်စေ့ | US$ | ၀.၀၀ | ၀.၀၄၉ | (+)၀.၀၄၉ |
| | ကီလို | ၀.၀၀ | ၆၆.၀၀ | (+)၆၆.၀၀ |
| ပဲနီကြား | US$ | ၀.၀၂၆ | ၀.၀၁၄ | (-)၀.၀၁၂ |
| | ကီလို | ၆၅.၅၀ | ၃၄.၅၀ | (-)၃၁.၀၀ |
| နိုင်လွန်ပဲ | US$ | ၀.၀၄၂ | ၀.၀၉၇ | (+)၀.၀၅၅ |
| | ကီလို | ၅၀.၀၀ | ၁၁၅.၀၀ | (+)၆၅.၀၀ |
| မြေပဲဆံ (အခွံပါ) | US$ | ၀.၂၃၂ | ၀.၁၅ | (-)၀.၀၈၂ |
| | ကီလို | ၃၄၉.၈၂၂ | ၂၁၂.၇၇၉ | (-)၁၃၇.၀၄၃ |
| မြေပဲဆံ | US$ | ၁.၂၃၈ | ၁.၉၂၁ | (+)၀.၆၈၃ |
| | ကီလို | ၁၂၉၄.၆၂၃ | ၂၀၆၄.၀၇ | (+)၇၆၉.၄၄၇ |
| အခြားပဲ | US$ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| | ကီလို | ၀.၃၉ | ၀.၄၂ | (+)၀.၀၃ |
| စုစုပေါင်း | US$ | ၃၈.၁၄၄ | ၅၇.၈၈၄ | (+)၁၉.၇၄ |
| | ကီလို | ၅၁၁၄၈.၉၀၉ | ၈၀၁၈၄.၁၀၁ | (+)၂၉၀၃၅.၁၉၂ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC

## ၂၀၂၂ ခုနှစ်၊ မတ်လပထမ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၈၀၀၀၀ | ၈၈၅၀၀ | ၇၃၅၀၀ | ၇၅၀၀၀ | ၈၆၀၀၀ |
| - ရွှေတောင် | ၈၀၀၀၀ | ၈၅၀၀၀ | ၈၀၅၀၀ | - | ၈၅၀၀၀ |
| - ဩဘာ/ ကောမက် | ၈၀၀၀၀ | ၈၃၅၀၀ | ၇၉၀၀၀ | ၇၅၀၀၀ | ၇၃၀၀၀ |
| - ရွှေနဂါး | ၈၅၀၀၀ | ၈၁၀၀၀ | ၇၅၀၀၀ | ၆၈၀၀၀ | ၆၅၀၀၀ |
| - ဝိစာရ | ၇၃၀၀၀ | ၈၉၀၀၀ | ၇၅၀၀၀ | - | ၈၀၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၈၀၀၀၀ | ၆၂၅၀၀ | ၆၀၀၀၀ | ၆၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၈၁၀၀၀ | ၅၆၅၀၀ | ၆၀၀၀၀ | ၈၅၀၀၀ |
| - ဩဘာ/ ကောမက် | ၇၆၀၀၀ | ၈၃၀၀၀ | ၆၃၀၀၀ | ၅၉၀၀၀ | ၆၅၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၇၉၅၀၀ | ၇၅၀၀၀ | - | ၈၅၀၀၀ |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၅၀၀ | ၇၀၀၀၀ | ၇၃၀၀၀ | ၈၃၀၀၀ |
| - ဝိစာရ | - | ၈၈၀၀၀ | ၇၀၀၀၀ | - | ၈၃၀၀၀ |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၇၅၀၀၀ | ၆၀၀၀၀ | ၈၃၀၀၀ |
| - ဩဘာ | - | ၈၅၀၀၀ | ၇၅၀၀၀ | - | ၈၃၀၀၀ |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၈၂၀၀၀ | ၉၃၀၀၀ | - | ၇၂၀၀၀ | ၈၅၀၀၀ |
| - အာမို | ၈၂၀၀၀ | ၈၈၀၀၀ | - | ၇၅၀၀၀ | ၈၅၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၉၃၀၀၀ | ၅၈၀၀၀ | - | ၈၅၀၀၀ |
| - ရွှေနဂါး | - | ၈၉၀၀၀ | - | - | ၇၉၀၀၀ |
| - သံကွင်း | - | ၈၅၀၀၀ | ၇၂၀၀၀ | - | ၇၆၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရှောဝတီ |
| မနောသုခ | ၁၇၀၀၀ | ၁၀၅၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ဆင်းသုခ | ၁၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ရှောမင်း | ၂၀၀၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၂၇၀၀၀ | ၁၅၀၀၀ |

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၁၈, Email: doamisppme@gmail.com